# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

## e-Newsletter

Vol.2 No.12 December


## အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်နှင့် (SEANF) ၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ တက်ရောက်ခြင်း




နိုဝင်ဘာလ ၂၅ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်သည် ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇေယျာလင်းလိုက်ပါလျက် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကျင်းပသော အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးသို့ ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်များမှ ကိုယ်စားလှယ်များ စုစုပေါင်း (၃၅) ဦး ပါဝင်တက်ရောက်ခဲ့ကြပြီး ဖွင့်ပွဲအခမ်းအနားတွင် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) ၏ ၂၀၂၃ ခုနှစ်အတွက် အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ထိုင်းနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဥက္ကဋ္ဌဖြစ်သူ Ms. Pornprapai Ganjanarintr က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည်အစည်းအဝေးတွင် ဖိုရမ်၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး နောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင်အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များ၏ ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ၊




အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ် (၅) ရပ်နှင့် စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် (AICHR) နှင့် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများအကြား စုံစမ်းစစ်ဆေးမှုယန္တရားတစ်ရပ် ဆောင်ရွက်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဒေသတွင်း လူ့အခွင့်အရေး မူဘောင်တစ်ရပ် ဆောင်ရွက်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ Asian NGO Coalition for Agrarian Reform and Rural Development (ANGOC) on Land Rights နှင့် World Justice Project (WJP) on Human Rights Dashboard စသည့် အဖွဲ့အစည်းများနှင့် ဖိုရမ်တို့အကြားပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် သတင်းမှားတိုက်ဖျက်ရေး စည်းမျဉ်းစည်းကမ်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

ဖိုရမ်၏ နှစ်ပတ်လည် အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးဟော်လွင်စိန်က ဖိုရမ်၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး နောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများကို ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇေယျာလင်းက (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

SEANF ၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည် အစည်းအဝေးအပြီးတွင် ၂၀၂၄ ခုနှစ်အတွက် ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထိုင်းနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်ထံသို့ လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။

နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ဆက်စပ်ဆွေးနွေးပွဲကို **“နိုင်ငံများ၏ မူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒများသည် သက်ဆိုင်ရာနိုင်ငံများ၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် သက်ရောက်မှုများ”** ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး ဆွေးနွေးပွဲသို့ ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေး ကော်မရှင်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများ၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ ကမ္ဘာ့အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ Yale Law School နှင့် Atmajaya University တို့မှ ပညာရှင် ပုဂ္ဂိုလ်များ၊ Committee on Economic, Social and Cultural Rights (CESCR) မှ ကိုယ်စားလှယ်များ စသည်ဖြင့် စုစုပေါင်း (၁၅၀) ဦးခန့် ပါဝင် တက်ရောက်ခဲ့ကြပါသည်။ အဆိုပါဆွေးနွေးပွဲအကြောင်းအရာနှင့် စပ်လျဉ်း၍ ကော်မရှင် ဥက္ကဋ္ဌ ဦးဟော်လွင်စိန်က ပါဝင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဟော်လွင်စိန်နှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇေယျာလင်းတို့သည် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့သို့ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ပြန်လည်ရောက်ရှိခဲ့ပါသည်။



## (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း



### နိုဝင်ဘာလ ၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ ၈-၁၁-၂၀၂၃ ရက်နေ့ ၁၀:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး Conference Room ၌ (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပဆောင်ရွက်ခဲ့ရာ ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားပြီး ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာ နန္ဒာမွှန်းက အမှာစကားပြောကြားပါသည်။ ဆက်လက်၍ (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေးဆပ်ကော်မတီ လုပ်ငန်းအဖွဲ့များအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ တင်ပြဆွေးနွေးကြပြီး အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေးနေ့ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ရန်ကုန်မှ နေပြည်တော်သို့ သွားရောက်မည့် စာရင်းများကို တင်ပြဆွေးနွေးကြပါသည်။ ဆက်လက်၍ ဆပ်ကော်မတီအလိုက် တင်ပြဆွေးနွေးမှုများကို ဦးဆောင် ကော်မတီဥက္ကဋ္ဌက ပြန်လည်ဖြည့်ဆည်း ဆောင်ရွက်ခဲ့ ပါသည်။

ထို့နောက် (၇၅) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ကျင်းပရေး ဦးဆောင် ကော်မတီဥက္ကဋ္ဌ က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးကို ၁၃:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။


## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးများ ကျင်းပခြင်း



### နိုဝင်ဘာလ ၂၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပုံမှန် အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၂၃) ကို ၂၉- ၁၁ -၂၀၂၃ ရက်နေ့တွင် Conference Room တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင် အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင် ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဘာသာရပ် တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများကတင်ပြ ဆွေးနွေးခဲ့ကြပါသည်။

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၂၃) ကို ၉-၁၁-၂၀၂၃ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ က တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ တင်မောင်မောင်သန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြပါသည်။



## Strategic Plan (2025-2029) နှင့် Operational Plan 2024 လုပ်ငန်းကော်မတီ အစည်းအဝေး ကျင်းပခြင်း



နိုဝင်ဘာလ ၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ Strategic Plan (2025-2029) နှင့် Operational Plan 2024 လုပ်ငန်းကော်မတီ အစည်းအဝေးကို ၃-၁၁-၂၀၂၃ ရက်နေ့၊ ၁၃:၀၀ နာရီ အချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၊ Conference Room ၌ အပိုင်း(၂) ပိုင်းခွဲ၍ ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနား အစီအစဉ်အရ ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံများက Operational Plan 2023 ကို ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြပြီး Operational Plan 2024 မူကြမ်းရေးဆွဲနိုင်ရေး ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် Strategic Plan (2025-2029) ရေးဆွဲနိုင်ရေး လုပ်ငန်းကော်မတီအစည်းအဝေး (ဒုတိယပိုင်း) အစီအစဉ်ကို ဆက်လက်ကျင်းပခဲ့ရာ Strategic Plan (2025-2029) (၅) နှစ်စာ စီမံကိန်း ရေးဆွဲနိုင်ရေး ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးခဲ့ကြပါသည်။

---

## ဦးစီးအရာရှိရာထူး အရည်အချင်းစစ် စာမေးပွဲ ကျင်းပပြုလုပ်ခြင်း



နိုဝင်ဘာလ ၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ (၅) နေရာအား နိုင်ငံပိုင်သတင်းစာများမှတဆင့် လျှောက်လွှာခေါ်ယူခဲ့ရာ ဦးစီးအရာရှိဝင်ရောက်ဖြေဆိုသူ (၁၈) ဦး လာရောက်လျှောက်ထားခဲ့ပြီး (၁၃) ဦးဝင်ရောက်ဖြေဆိုခဲ့ပါသည်။

လာရောက်လျှောက်ထားသည့် လျှောက်လွှာများအား ဦးစီးအရာရှိအရည်အချင်းစိစစ်ရေးအဖွဲ့မှ၃၁-၁၀-၂၀၂၃ရက်နေ့တွင် နံနက် ၁၀:၀၀ နာရီအချိန်မှ ၁၁:၃၀ နာရီအထိ အင်္ဂလိပ်စာ၊ လူ့အခွင့်အရေးဘာသာရပ်နှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေး/ဖြေစာမေးပွဲ ဖြေဆိုစေခဲ့ပြီး နေ့လယ် ၁၃:၀၀ နာရီအချိန်မှ ၁၄:၀၀ နာရီအချိန်ထိ ကွန်ပျူတာလက်တွေ့စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ၂-၁၁-၂၀၂၃ ရက်နေ့တွင် ဦးစီးအရာရှိအရည်အချင်း စိစစ်ရေးအဖွဲ့မှ ရေးဖြေ ဖြေဆိုအောင်မြင်ခဲ့သည့်သူများအား လူတွေ့စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ဦးစီးအရာရှိရေးဖြေနှင့် လူတွေ့စစ်ဆေးခြင်း အောင်မြင်ခဲ့သည့်သူများအား ၂၂-၁၁-၂၀၂၃ ရက်နေ့တွင် စိတ်ပညာဆန်းစစ်စစ်ဆေးခြင်းကို ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။

လာရောက်ဖြေဆိုသည့်သူများအနက်မှ ဖြေဆိုအောင်မြင်သည့်သူများအား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး (ရန်ကုန်မြို့) တွင် ဦးစီးအရာရှိ ရာထူးခန့်အပ်သွားမည်ဖြစ်ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ခြင်း




နိုဝင်ဘာလ ၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အသိပညာမျှဝေခြင်း အစီအစဉ် Knowledge Sharing Program အရ "ဦးစီးတာဝန်နှင့် ရုံးအုပ်ချုပ်မှု အနုပညာ" ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေး ဟောပြောပွဲကို ၁-၁၁-၂၀၂၃ ရက်နေ့၊ နံနက် ၉:၃၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမွန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုဆွေးနွေးပွဲသည် ဒုတိယအကြိမ် Knowledge Sharing အစီအစဉ်ဖြစ်ပါကြောင်း၊ Knowledge Sharing ပြုလုပ်ခြင်းသည် မျက်မှောက်ကာလတွင် ရေပန်းစားလျက်ရှိပါကြောင်း၊ "ဝန်ထမ်းကောင်းမှနိုင်ငံကောင်းမည်" ဆောင်ပုဒ်အတိုင်း ကော်မရှင်ရုံး ဝန်ထမ်းများကိုလည်း ဝန်ထမ်းကောင်းများ ဖြစ်လာစေရေး ဦးတည်ပါကြောင်း၊ Knowledge Sharing သည် စာသင်သည်ထက် အဆများစွာ ပိုမိုထိရောက်ပါကြောင်း၊ စာသင်ခြင်းသည် စာအုပ်ထဲမှစာကို သီအိုရီအရ နားလည်အောင်သင်ကြားခြင်းဖြစ်ပြီး အတွေ့အကြုံကိုမျှဝေခြင်းသည် ရုံးလုပ်ငန်းဆောင်ရွက်ရာတွင်ပိုမိုထိရောက်အောင်မြင်ပါကြောင်းနှင့် တက်ရောက်လာကြသည့် အရာထမ်း/ အမှုထမ်းများက သေချာစွာ လိုက်နာမှတ်သားစေလိုကြောင်း ပြောကြားပါသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်က ဦးစီးတာဝန်နှင့် ရုံးအုပ်ချုပ်မှု အနုပညာ (Staff Duty and The Fine Art of Office Management) ခေါင်းစဉ်ဖြင့် Strategic Management ၊ ဦးစီးတာဝန်၊ ပြီးပြည့်စုံသောဦးစီးလုပ်ငန်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်ရှိခြင်း၊ ဆွေးနွေးပွဲနှင့် အစည်းအဝေးများပြုလုပ်ခြင်း၊ အစည်းအဝေးနီတိ၊ အစည်းအဝေးဆုံးဖြတ်ချက်အပေါ် အကောင်အထည်ဖော်ခြင်း၊ သင်တန်းတက်ရောက်ခြင်းနှင့် သင်တန်း၏အရေးပါပုံ၊ အခမ်းအနားမှူး၏ တာဝန်ဝတ္တရားများ၊ လူလုံခြုံရေး၊ ပစ္စည်းလုံခြုံရေးနှင့် သတင်းလုံခြုံရေး၊ Checking and Managing၊ ဆုံးဖြတ်ခြင်းနှင့် အုပ်ချုပ်မှု၏ အင်္ဂါရပ်များ၊ အသိနှင့်အလုပ်၊ ခေါင်းဆောင်မှုနှင့် ခေါင်းဆောင်မှုအရည်အချင်းများ၊ လုပ်ငန်းအောင်မြင်ရေး သော့ချက်၊ ပြည်သူ့ဝန်ထမ်းနှင့် သက်ဆိုင်သော အထူးအလေးထားရမည့် ပြဋ္ဌာန်းချက်များ၊ အဂတိတရား(၄) ပါး၊ ဆောင်ရန်၊ ရှောင်ရန်များ၊ အဖွဲ့အစည်းဆိုင်ရာ ကျင့်ဝတ်နှင့် ဝန်ထမ်းတစ်ဦးချင်းဆိုင်ရာကျင့်ဝတ် စသည့်တို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များ၊ အရာထမ်း/ အမှုထမ်းများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပါသည်။

ဆွေးနွေးပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်းများ၊ ကော်မရှင်ရုံးခွဲများမှ အရာထမ်း/အမှုထမ်းများ စုစုပေါင်း (၈၃) ဦး တက်ရောက်ခဲ့ကြပြီး ဆွေးနွေးဟောပြောပွဲအား ၁၂:၂၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် Mary Chapman နားမကြားသောကလေးများကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခြင်း



နိုဝင်ဘာလ ၉ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်သူမြိုင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၉-၁၁-၂၀၂၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်ရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် ဒဂုံမြို့နယ်ရှိ Mary Chapman နားမကြားသောကလေးများကျောင်းတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် သင်တန်းကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအစာကျွေးမွေးမှုအခြေအနေ၊ အိပ်ဆောင်များထားရှိမှု အခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှုအခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြုစုစောင့်ရှောက်ပေးမှု အခြေအနေနှင့် ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကြောင်း ပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်စသည့်အခြေခံလူ့အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် Mary Chapman နားမကြားသော ကလေးများကျောင်းတို့အား ကြည့်ရှုစစ်ဆေးရေး ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ပေးပို့သွားမည်ဖြစ်ပါသည်။

---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်တို့ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြုလုပ်



နိုဝင်ဘာလ ၂၄ ရက်


မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ၂၄-၁၁-၂၀၂၃ ရက်နေ့၊ ၁၃:၀၀ နာရီအချိန်တွင် ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပပြုလုပ်ခဲ့ရာကော်မရှင်အဖွဲ့ဝင်ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာတင်မောင်မောင်သန်းတို့ ဦးဆောင်သော ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးသိန်းဟန်သူနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးပွဲ၌ကော်မရှင်အဖွဲ့ဝင်ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ ကော်မရှင်နှင့်မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စနှင့် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက ၂၀၂၄ ခုနှစ်အတွင်း ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာ၌ မသန်စွမ်းသူများ၏ အခွင့်အရေးများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးပြောကြားပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဟန်သူက မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်လိုသည့်ကိစ္စရပ်များကိုကဏ္ဍအလိုက်အဆိုပြုတင်ပြရာ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက ပူးပေါင်း ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို ဝိုင်းဝန်း အကြံပြုဆွေးနွေးကြပါသည်။

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဟန်သူက ကျေးဇူးတင် စကားပြောကြားပြီး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က နိဂုံးချုပ်စကားပြောကြား၍ တွေ့ဆုံ ဆွေးနွေးပွဲကို ၁၅:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ သင်ခန်းစာ ပို့ချ



နိုဝင်ဘာလ ၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချီခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန် မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက် ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၁၀၈၊ ၁၀၉) နှင့် ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၁၉) တို့သို့ ၁-၁၁-၂၀၂၃ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ် သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၁၀၈၊ ၁၀၉) ၌ သင်တန်းသားဦးရေ (၁၂၃) ဦးနှင့် ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၂၁၉) ၌ သင်တန်းသားဦးရေ (၁၁၀) ဦး၊ စုစုပေါင်းသင်တန်းသားဦးရေ (၂၃၃) ဦး တက်ရောက်ခဲ့ကြပါသည်။



## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာ ပို့ချ



နိုဝင်ဘာလ ၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မင်းသက်လွင် တို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၉၁၊ ၉၂) သို့ ၂-၁၁-၂၀၂၃ ရက်နေ့ ၁၂:၀၀ နာရီမှ ၁၅:၀၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်းကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မင်းသက်လွင်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း စသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၉၁၊ ၉၂) ၌ စုစုပေါင်း သင်တန်းသားဦးရေ (၂၁၁) ဦး တက်ရောက်ခဲ့ကြပါသည်။

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ



နိုဝင်ဘာလ ၁၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန် မြှင့်တင် ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ် (၁၄) သို့ ၁၄-၁၁-၂၀၂၃ ရက်နေ့ ၀၈:၀၀ နာရီအချိန်မှ ၁၅:၅၅ နာရီအချိန်ထိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ် သင်ခန်းစာများ သွားရောက် ပို့ချခဲ့ပါသည်။


အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးအခြေခံအယူအဆများအကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ တာဝန်ရှိမှုအကြောင်း၊ ကုလသမဂ္ဂလူ့အခွင့်အကြောင်းနှင့် ကုလသမဂ္ဂလူ့အခွင့်ယန္တရားအကြောင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်အကြောင်းစသည့်ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁၄)၌သင်တန်းသားဦးရေ(၂၃)ဦးတက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကိုမေးမြန်းခဲ့ကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က ပြန်လည်ဖြေကြားခဲ့ကြပါသည်။



## ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း

### အပိုဒ် ၇

"လူသားအားလုံးသည် ဥပဒေအရာ၌ တန်းတူရည်တူရှိကြပြီး ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှုကို မည်သည့်ခွဲခြားဆက်ဆံမှုမျှ မရှိစေဘဲ ခံစားပိုင်ခွင့်ရှိသည်။ ဤကြေညာစာတမ်းကို ဖောက်ဖျက်၍ ခွဲခြားဆက်ဆံခြင်းမှလည်းကောင်း၊ ထိုသို့ခွဲခြားဆက်ဆံရန် လှုံ့ဆော်ခြင်းမှလည်းကောင်း တူညီသော ကာကွယ်စောင့်ရှောက်မှုကို ခံစားပိုင်ခွင့်ရှိသည်။"



## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ သွားရောက်ပို့ချ



နိုဝင်ဘာလ ၁၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၁၆)သို့၁၅-၁၁-၂၀၂၃ ရက်နေ့ ၀၈:၀၀ နာရီအချိန်မှ ၁၅:၅၅ နာရီအချိန်ထိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့က လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများသွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်းကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက နိုင်ငံတော်၏ တာဝန်ဝတ္တရားနှင့် အများပြည်သူ၏တာဝန်ရှိမှုအကြောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရားအကြောင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေး အခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်အကြောင်းစသည့်ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၁၆) ၌ သင်တန်းသားဦးရေ (၄၂) ဦး တက်ရောက်ခဲ့ ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူး တို့က ပြန်လည်ဖြေကြားခဲ့ကြပါသည်။



## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာ ပို့ချ



နိုဝင်ဘာလ ၂၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်း လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန် မြှင့်တင် ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာ

စာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်ဒေါက်တာ သန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၅၃) သို့ ၂၂-၁၁-၂၀၂၃ ရက်နေ့ ၀၇:၄၀ နာရီမှ ၁၀:၄၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာဘာသာရပ် သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် အဖွဲ့ဝင် ဒေါက်တာ သန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆများ အကြောင်းကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း၊ အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီး (၉) ခု အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း တို့ကိုလည်းကောင်း စသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၅၃) ၌ စုစုပေါင်း သင်တန်းသားဦးရေ (၆၂) ဦး တက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အစည်းအဝေး (၂/၂၀၂၃) သို့ တက်ရောက်ခြင်း



နိုဝင်ဘာလ ၃၀ ရက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဖိတ်ကြားချက်အရ ၃၀-၁၁-၂၀၂၃ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၂/၂၀၂၃) အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ် တက်ရောက်ခဲ့ပါသည်။

**“ဖွံ့ဖြိုးတိုးတက်မှု မရှိဘဲ ငြိမ်းချမ်းရေး မရနိုင်၊ ငြိမ်းချမ်းရေး မရှိဘဲ ဖွံ့ဖြိုးတိုးတက်မှု မရနိုင်။ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးလေးစားလိုက်နာမှုတို့မရှိဘဲ ငြိမ်းချမ်းရေး အဓွန့် မရှည်နိုင်၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု မရနိုင်။”**

**Jan Elissson, Former UN Deputy Secreaty-General**

# တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း တိုင်တန်းချက် (၂၂) စောင်၊ စက်တင်ဘာလ လက်ကျန် (၃) စောင်၊ စုစုပေါင်း (၂၅) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၃) စောင်ကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင် ရေးအတွက် သက်ဆိုင်ရာဌာနများသို့လည်းကောင်း၊ တိုင်တန်းချက် (၁) စောင်ကို ကာယကံရှင်ထံသို့လည်းကောင်း၊ တိုင်တန်းချက် (၁၈) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (က) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီ၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။ အောက်တိုဘာလတွင် တိုင်တန်းချက် လက်ကျန် ၃ စောင် ရှိပါသည်။



စုံစမ်းစစ်ဆေးရေးအဖွဲ့အစည်းအဝေးကျင်းပခြင်း

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တွေ့ဆုံ



နေပြည်တော် နိုဝင်ဘာလ ၂၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် အမှုဆောင်အဖွဲ့ဝင်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးတွင် ၂၈-၁၁-၂၀၂၃ ရက်နေ့ နေ့လယ် ၁၄:၀၀ နာရီ၌ သွားရောက် တွေ့ဆုံခဲ့ပါသည်။ အသင်းချုပ်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးအေးထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးမြပဟန်၊ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးရဲမြင့်မောင်နှင့် တွဲဖက်စာရင်းစစ် ဦးအောင်ကြည်စိုးတို့ တက်ရောက်ခဲ့ကြပါသည်။

တွေ့ဆုံစဉ် ကော်မရှင်ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကော်မရှင်၏ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ကော်မရှင်၏ Operational Plan ပါ ကိစ္စရပ်များနှင့် စီးပွားရေးနှင့် လူ့အခွင့်အရေး ဘာသာရပ်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းနီးပွင့်လင်းစွာဖြင့် ဆွေးနွေးပြောကြားခဲ့ပါသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် အသင်းချုပ်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများမှ သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ ကော်မရှင်အဖွဲ့ဝင်မှ ပြန်လည်ဖြေကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)၊ ကော်မရှင်မှ ဘာသာပြန်ဆိုထုတ်ဝေသည့် လူ့အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များနှင့် ကော်မရှင် လက်ကမ်းစာစောင်များအား ပေးအပ်ခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် မိတ္ထီလာအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခြင်း



နေပြည်တော် နိုဝင်ဘာလ ၂၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ တို့အရ မိတ္ထီလာအကျဉ်းထောင်သို့ ၂၂-၁၁-၂၀၂၃ ရက်နေ့တွင် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်အညီ မိတ္ထီလာအကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းထောင်ရှိ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံး ရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု

အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်မှု ရှိ၊ မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်ခွင့် အခြေအနေ၊ ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင် ပစ္စည်းများရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်း နှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်းခဲ့ပြီး သီးခြား လွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသား များကိုလည်း သီးခြားတွေ့ဆုံမေးမြန်း မှတ်တမ်းတင်ခဲ့ ပါသည်။

အကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်း သား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ၏ အိပ် ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာ ဂိုထောင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေး ခဲ့ပါသည်။

အကျဉ်းသား/သူ၊ အချုပ်သား/သူများ လေ့လာ ဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်ရာ စာအုပ် စာပေ ၁၀၀ အုပ်ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ မိတ္ထီလာ အကျဉ်းထောင် တာဝန်ခံအရာရှိမှ လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို အရေးယူ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြု ပေးပို့သွားမည်ဖြစ်ပါသည်။



## မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ



နိုဝင်ဘာလ ၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်း မျိုးစုံဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင် ပညာပေးရေး လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် တင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော အမှုစစ် (အရာရှိ) သင်တန်းအမှတ် စဉ် (၇၈/၂၀၂၃) ၌ ၆-၁၁-၂၀၂၃ ရက်နေ့ နံနက် ၀၇:၃၀ နာရီမှ ၀၉:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက် ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် လူ့အခွင့်အရေးအခြေခံ အယူအဆများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်း အကြောင်းသိကောင်းစရာ စသည့် ဘာသာရပ်သင်ခန်းစာ များ ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသား ဦးရေ (၂၉၈) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသား များမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က ပြန်လည်ဖြေကြား ခဲ့ပါသည်။

## ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း




နိုဝင်ဘာလ ၃၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အမှတ်စဉ် (၇/၂၀၂၃) အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့ ၁၅:၀၀နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေး၊ စစ်တွေနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများက ဖြည့်စွက်ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က ကော်မရှင်ရုံးဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

တွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း (၈၂) ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၆:၁၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

---

## မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ


နိုဝင်ဘာလ ၃၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်း ချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည့်နည်းတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (၇၅) နှစ်မြောက် အခါသမယတွင် လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော အမှုစစ်အရာရှိ (အထူး) သင်တန်းအမှတ်စဉ် (၄/၂၀၂၃) ၌ ၃၀-၁၁-၂၀၂၃ ရက်နေ့ နံနက် ၀၇:၃၀ နာရီမှ ၀၉:၅၀ နာရီ အချိန်အထိ လူ့အခွင့်အရေးအသိပညာပေး သင်ခန်းစာများသွားရောက် ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက လူ့အခွင့်အရေး အခြေခံအယူအဆ များ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် သင်ခန်းစာများကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်းသင်တန်းသားဦးရေ (၅၀) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ပြန်လည်ဖြေကြားခဲ့ပါသည်။



## (၇၄) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲတွင် တတိယဆုရ ကာတွန်း




ဦးမျိုးလှိုင်မြင့်ထွန်း

## Chairperson of the Myanmar National Human Rights Commission attended the 20th Annual Conference of the Southeast Asia National Human Rights Institutions Forum (SEANF) and its side event




November 25

Chairperson U Paw Lwin Sein of the Myanmar National Human Rights Commission, accompanied by Director U Zay Yar Linn participated in the 20th Annual Conference of the Southeast Asia National Human Rights Institutions Forum (SEANF) and its side event held in Bangkok, Thailand, from November 22 to 24, 2023.

Representatives from SEANF member National Human Rights Institutions from Indonesia, Malaysia, Myanmar, Philippines, Thailand and Timor–Leste attended the meeting in person. A total of (35) participants were present. Ms. Pronprapai Ganjanarintr, Chairperson of NHRCT and alternate Chairperson of SEANF for 2023, delivered the opening remarks at the meeting.

During the meeting, various human rights–related matters were discussed, including updates on the major developments and activities of SEANF member NHRIs since the 19th SEANF Annual Meeting. Additionally, there were discussions on the updates regarding the implementation of the SEANF Strategic Plan (2022–2026) and the activities between SEANF and ASEAN Intergovernmental Commission on Human Rights (AICHR). Other topics included matters related to the Inter–NHRI Inquiry Mechanism (INIM) and the Regional Human Rights Framework on the Environment and Climate Change. The meeting also addressed engagement with stakeholders such as the Asian NGO Coalition for Agrarian Reform and Rural Development (ANGOC) on Land Rights and the World Justice Project (WJP) on the Human Rights Dashboard. Furthermore, disinformation regulation matters were among the topics covered.




During the meeting, Chairperson U Paw Lwin Sein shared the major developments and activities of the Myanmar National Human Rights Commission (MNHRC) related to the promotion and protection of human rights since the 19th SEANF Annual Conference. Additionally, Director U Zay Yar Linn shared updates on the implementation of the SEANF Strategic Plan (2022–2026). Following the 20th Annual Conference, the National Human Rights Commission of Thailand (NHRCT) handed over the chairmanship of the Forum for 2024 to the Provedor for Human Rights and Justice of Timor–Leste (PDHJ).

On November 24, the Side Event titled "Country's situation and the impact of drug policies on economic, social, and cultural rights in their respective countries" took place. Representatives from SEANF member National Human Rights Institutions, along with the Chairpersons, Vice–Chairpersons, Commissioners, and office staff, as well as representatives from Anti–Drug organizations, academics from Yale Law School and Atmajaya University, and representatives from the Committee on Economic, Social and Cultural Rights (CESCR), totaling 150 participants, attended. Chairperson U Paw Lwin Sein actively participated in the discussions on this topic.

On November 25, both Chairperson U Paw Lwin Sein and Director U Zay Yar Linn of the Myanmar National Human Rights Commission returned to Yangon via Myanmar Airways International.



---

**"There can be no peace without development, no development without peace, and no lasting peace or sustainable development without respect for human rights and the rule of law."**

**Jan Elissson, Former UN Deputy Secreaty-General**

## Field Visit to Kyimyindaing School for the Blind and Mary Chapman School for the Deaf by Myanmar National Human Rights Commission



November 9


The inspection team, led by Commissioners U Kyaw Soe, Dr. Than Myint and Dr. Myint Thu Myaing from the Myanmar National Human Rights Commission (MNHRC), inspected Kyimyindaing School for the Blind in Kyimyindaing Township and Mary Chapman School for the Deaf in Dagon Township, Yangon Region on 9 November 2023.

The inspection team inspected the Kyimyindaing School for the Blind and Mary Chapman School for the Deaf in accordance with the MNHRC Law and procedures whether the students who in the Schools can get fundamental rights including the status of COVID–19 vaccination and healthcare services, food supply, adequate dormitories, availability of Citizenship Scrutiny Card, provision of purified drinking water, support programme for physical and mental development, as well as the right to education, vocational trainings, communication with their families, reintegration with their families, and freedom of religion.

MNHRC will send recommendations to the relevant department on the findings during the inspection visits.



## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bahtoo)




November 1

Myanmar National Human Rights Commission is encouraging to promote public awareness of human rights through the provision of information and education by all means as much as possible under Section 22 (a) of the Myanmar National Human Rights Commission Law and is also gearing itself up for the activities of the human rights promotion and education on the occasion of the 75th anniversary of Universal Declaration of Human Rights.

Dr. Than Myint, the Commissioner and U Zaw Lwin Htoo, the Director of the Commission's office gave lectures on human rights at the Battalion Commander Training Course No.(108, 109) and the Company Commander Training Course No.(219) holding at the Myanmar Army Combat Force

School (Bahtoo) on 1 November 2023 from 12:00 to 15:00. In doing so, Commissioner Dr. Than Myint delivered the lectures on Human Rights Concept, Director U Zaw Lwin Htoo gave the lectures on Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of (233) army officers have been attending the above mentioned courses; 123 army officers on the Battalion Commander Training Course on No. (108,109) and 110 army officers on the Company Commander Training Course No. (219) Bahtoo.



## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bayintnaung)



November 2

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Dr. Than Myint, the Commissioner, Daw Mi Mi Khaing, the Deputy Director and Daw Zin Min Thet Lwin, the Assistant Director of the Commission's office gave lectures on human rights at the Company Commander Training Course No.(91,92) holding at the Myanmar Army Combat Force School (Bayintnaung) on 2 November 2023 from 12:00 to 15:00. In doing so, Commissioner Dr. Tin Maung Maung Than delivered the lectures on Human Rights Concept, Deputy Director, Daw Mi Mi Khaing gave the lectures on Universal Declaration of Human Rights and the Assistant Director Daw Zin Min Thet Lwin gave the lectures on the Organization and Functions of Myanmar National Human Rights Commission. A total of (211) army officers have been attending the above-mentioned courses on the Company Commander Training Course No. (91,92) Bayintnaung.

## The Universal Declaration of Human Rights

### Article 7

"All are equal before the law and entitled without any discrimination to equal protection of the law. All are entitled to equal protection against any discrimination in violation of this Declaration and against any incitement to such discrimination."

## MNHRC Gives Human Rights Lecture at Civil Service Academy (Upper Myanmar)



November 14

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Dr. Than Myint, the Commissioner and U Zaw Lwin Htoo, the Director of the commission office, gave lectures on human rights at the Management Course for Executive Level Officials No. (14) holding at the Civil Service Academy (Upper Myanmar) on 14 November 2023 from 08:00 to 15:55. In doing so, the Commission Dr. Than Myint gave the lectures on Human Rights Concept, Universal Declaration of Human Rights (UDHR) and the Establishment of Myanmar National Human Rights Commission and its Activities, the Director U Zaw Lwin Htoo also delivered the lectures on State Obligation and Public Responsibilities, the United Nations Human Rights Mechanism and Universal Periodic Review (UPR). Afterwards the lectures answered the questions asked by the trainees. A total of 32 directors from the departments have been attending as trainees on above-mentioned course.



## MNHRC Gives Human Rights Lecture at Civil Service Academy (Upper Myanmar)



November 15

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Dr. Than Myint, the Commissioner and U Zaw Lwin Htoo, the Director of the Commission office, gave lecture on human rights at the Management Course for Senior Level Officials No.(16) holding at the Civil Service Academy (Upper Myanmar) on 15 November 2023 from 08:00 to 15:55. In doing soo, the Commissioner Dr. Than Myint gave the lectures on Human Rights Concept, Universal Declaration of Human Rights (UDHR) and the Establishment of Myanmar National Human Rights Commission and its Activities, the Director U Zaw Lwin Htoo also delivered the lectures on State Obligation and the Public Responsibilities, the United Nations Human Rights Mechanism and Universal Periodic Review

(UPR). Afterwards the lectures answered the questions asked by the trainees. A total of 42 directors from the departments have been attending as trainees on above-mentioned course.

## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bayintnaung)



November 22

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, Dr. Than Myint, the Commissioner and U Zaw Lwin Htoo, the Director of the Commission office gave lectures on human rights at the Battalion Commander Training Course No.(53) held at the Myanmar Army Combat Force School (Bayintnaung) on 22 November 2023 from 07:40 to 10:40. In doing so, Commissioner Dr. Than Myint delivered the lecture on Human Rights Concept and Director U Zaw Lwin Htoo gave the lectures on Universal Declaration of Human Rights, 9 Core Conventions , Organization and Functions of Myanmar National Human Rights Commission. A total of (62) army officers have been attending the above mentioned course.

## Inspection Visit to Meikhtila Prison by MNHRC



November 22

The inspection team, led by Commissioner U Kyaw Myint from the Myanmar National Human Rights Commission, inspected the Meikhtila Prison in Meikhtila Township, Mandalay Region, on 22 November 2023 in accordance with Section 43 and Section 44 of MNHRC Law.

The inspection team inspected the Meikhtila Prison according to MNHRC law and procedures whether the prisoners and detainees enjoy the fundamental rights, including appropriate food supply, access to healthcare and provision of adequate purified water. The inspection team inquired the prisoners in order to ensure that they get their personal items and items sent by families, family visits and whether there were human rights violations and torture cases in the prison.

The inspection team also inspected the dormitories, clinic, library, kitchen, food storage, water purifier, water sanitation system of the prison.

Besides, MNHRC donated 100 books for the prisoners.

MNHRC will send recommendations to the relevant department for necessary action based on the findings during inspection.



## Visit to Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI) and talk with the officials by Myanmar National Human Rights Commission



November 28

The Delegation team, led by Commissioner U Kyaw Mint, held a meeting with the President U Aye Win and Executive Members of UMFCCI, at the headquarters of UMFCCI on 28-11-2023, 14:00. During the meeting Commissioner U Kyaw Myint discussed the commission law activities of commission, the matter of the commission's 2023 operational plan, subject of business and human rights.

And then, the commission delegation replied to the questions of the president, the members, and the officials who attended the meeting, and the books of Myanmar National Human Rights Commission Law, the Universal Declaration of Human Rights (UDHR), international conventions on human rights translated and published by the MNHRC, and the pamphlets were provided.



## MNHRC Gives Human Rights Lecture at Police Officer Training School (Mandalay)



November 6

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, U Phone Kywe, Director General of the Commission office, gave lectures on human rights at the Investigation Officer Course (No.78/2023) held at the Police Officer Training School (Mandalay) on 6 November 2023 from 07:30 to 09:50. In doing so, Director General U Phone Kywe delivered the lectures on Human Rights Concept, the Organization and Functions of Myanmar National Human Rights Commission and related issues to Protection of Human Rights. Afterwards the lecturer answered the questions asked by the trainees. A total of 298 police officers attended the above-mentioned course.

## MNHRC Gives Human Rights Lecture at Police Officer Training School (Mandalay)

November 30

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, U Zaw Lwin Htoo, the Director of the Commission office, gave the lectures on human rights at the Investigation Officer (Special) Course (No.4/2023) held at the Police Officer Training School (Mandalay) on 30 November 2023 from 07:30 to 09:50. In doing so, Director U Zaw Lwin Htoo delivered the lectures on Human Rights Concept, Universal Declaration of Human Rights and Organization and Functions of Myanmar National Human Rights Commission. Afterwards the lecturer answered the questions asked by the trainees. A total of 50 officers attended the above–mentioned course.



## Status of Handling Complaints

During October 2023, MNHRC received 22 Complaints on the violations addressed to the Commission and 3 complaints remain in September. The complaint investigation team held 4 complaint screening meetings for examining the total of 25 complaints. 3 cases were referred to the relevant departments and on 1 case, the complainant was advised on more appropriate remedies. 18 Cases which were not within the competence of the Commission were put on record in accordance with the section 32 (b), 32(c), 37 (a), 37 (b) of MNHRC law and not appropriate of Complaints. 3 Letters of complaint remain in October.

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ၆ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁၆၅၄၆၇၀

Website: https://mnhrc.org.mm

**နေပြည်တော် (ရုံးခွဲ)**

သဇင်လမ်းနှင့် ဇော်ဂျီ
လမ်းထောင့်၊ရွှေကြာပင်ရပ်ကွက်၊
ဇမ္ဗူသီရိမြို့နယ်။
ဖုန်း- ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**

ကမ်းနားလမ်း၊ ၃၄ လမ်းနှင့်
၃၅ လမ်းကြား၊ ဒေးဝန်းအနောက်
ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊
မန္တလေးမြို့။
ဖုန်း-၀၉၅၃၄၃၆၅၀

**စစ်တွေ (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊
ပြည်နယ်ရုံး၊ စစ်တွေမြို့။
ဖုန်း-၀၉၄၂၅၈၆၀၀၀၈

**ပုသိမ် (ရုံးခွဲ)**

အမှတ် (၁၃) ရပ်ကွက်၊
မဟာစေတီလမ်းမကြီး၊
မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။
ဖုန်း- ၀၄၂၂၉၃၂၇

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm